
Petizshin
အိုဘယ့် ..... မြိုင်
ကိုကိုး

# အိုဘယ့်...မြိုင်

စာရေးသူ၏ အမှာစာ -

မြိုင်သည် စာရေးသူ၏ ပထမဆုံးသော လုံးချင်း ဝတ္ထုရှည် တစ်ပုဒ် ဖြစ်ပါသည်။ စာရေးသူသည် ဝတ္ထုတို များစွာကို ရေးသားခဲ့သော်လည်း ဝတ္ထုရှည် ရေးခြင်းကို မနှစ်သက်ခဲ့ပေ။ အကြောင်းမှာ ပျင်းသည်ကတစ်ကြောင်း၊ ရေးသားရန် အကြောင်းအရာ၊ အချက်အလက် စသည်တို့ကို ရှာဖွေ၊ စုဆောင်းရမည်က တစ်ကြောင်းကြောင့် ဝတ္ထုရှည် ရေးသားခြင်း မရှိခဲ့။ သို့သော် ယခု 'အိုဘယ့်...မြိုင်' သည် စာရေးသူအား ဝတ္ထုရှည် ရေးချင်လောက်အောင် ဆွဲဆောင်နိုင်ခဲ့သည်ဆိုလျှင်လည်း မမှားချေ။ ထို့အတွက် စာရေးသူသည် မြိုင်ဇာတ်ကောင်ကို စတင် ပုံဖော်ခဲ့သည်။ မြိုင်အမည်ဖြင့် ဇာတ်ကောင်သည် ရှေးယခင် ဆရာကြီးများ ဖြစ်သည့် ဆရာကြီး ဒဂုန်တာယာ၊ ဆရာကြီး ဗန်းမော်တင်အောင်တို့ အသီးသီး ပုံဖော်ခဲ့ကြသည့် ဇာတ်ကောင် ဖြစ်သည်။

ထို့အတွက် စာရေးသူသည် ဤဇာတ်ကောင်အား အရဲစွန့်၍ ကြိုးစားဖော်ကျူးခဲ့သည်။ မြိုင်ဟူသည့် အမည်သည် တောဆန်သည်၊ သို့သော် သြဇာရှိ၍ မာနတရားရှိသည်။ မိမိမှန်လျှင် မှန်သလို ပြောဆိုရပြီး မည်သူ့ကိုမျှ ဂရုမစိုက်တတ်။ မြိုင့်ဘဝတွင် ယောကျ်ားအများအပြားနှင့် တွေ့ကြုံခဲ့သော်လည်း ထိုယောကျ်ားတို့သည် မြိုင့်အပေါ် မကောင်းခဲ့ကြ။ မြိုင့်ဘဝတွင် အချစ်နှင့် တွေ့ကြုံခဲ့သော်လည်း ထိုအချစ်သည် မတည်တံ့ခဲ့။ ထို့ကြောင့် နောက်ဆုံးတွင် မြိုင်သည် ယောကျ်ားတို့ အပေါ်၌ မမုန်းတီးသော်လည်း

ယုံကြည်မှု မရှိတော့ပေ။

ဤသို့နှင့် မြိုင်သည် ဘဝဇာတ်ခုံပေါ်၌ အချစ်၊ အမုန်း၊ ရန်ငြိုး၊ ကလဲ့စား၊ မိသားစုမေတ္တာ စသည့် ခံစားချက် အမျိုးမျိုးကို တွေ့ကြုံခံစားခဲ့ရရှာသည်။ အချုပ်အားဖြင့် ဆိုသော် ဤဝတ္ထုသည် ဒုတိယကမ္ဘာစစ် နောက်ခံ ဝတ္ထုတစ်ပုဒ်ဖြစ်ပြီး၊ မိန်းမတို့၏ ဘဝကို ဦးစားပေး ရေးသားထားသည့် ဝတ္ထုဖြစ်ကာ ရသကို ဖော်ကျူးပုံဖော်ထားသည့် အတွက် ဖတ်သင့်သော ဝတ္ထုတစ်ပုဒ်ဖြစ်ကြောင်းသာ ပြောကြားလိုပါသည်။

ကိုကိုး

၂.ဇွန်လ.၂၀၂၁

***

# [တစ်]

မြိုင် ...။ မြိုင် ဆိုသည်က ကုက္ကိုတန်းရွာရှိ အချောဆုံး အလှဆုံးနှင့် ရေပန်းအစားဆုံး မိန်းကလေးတစ်ယောက် ဖြစ်သည်။ မြိုင်သည် ချောရုံ၊ လှရုံအပြင် မာနလည်း ကြီးသည်။ မြိုင့်အဖေ ဦးရွှေတောသည် ကုက္ကိုတန်း ရွာ၏ အလေးစားခံ သူကြီးဖြစ်သည်။ မြိုင်၏ အမေသည် မြိုင်ကလေးကို မွေးဖွားသည့် မီးတွင်းထဲ၌ပင် ကလေးမီးမဖွားနိုင်၍ သေဆုံးခဲ့ရသည်။ ကလေးကို ယူမည်လော၊ လူကြီးကို ယူမည်လောဟု လက်သည် ဒေါ်ရင်လှ၏ အမေးတွင် မြိုင့်အမေ ဒေါ်ကြာရုံသည်"ကျွန်မ သေချင် သေပါစေ တော့ ကျွန်မ ကလေးကိုတော့ လူ့လောကထဲရောက်အောင် ပို့ခဲ့ချင်တယ် အရီးလှရယ်"ဟု ငိုသံပါနှင့် ပြောဖူးခဲ့သည်။ ဆိုရသော် မြိုင်ကလေးသည် အမေအရင်း၏ အသက်နှင့် လဲခဲ့ရသူလေးပင် ဖြစ်သည်။ မိတဆိုးလေး ဖြစ်၍ သူကြီး ဦးရွှေတောသည် မြိုင့်ကို တုန်နေအောင် ချစ်သည်။

ငယ်ရွယ်စဉ် အခါကတည်းက ဦးရွှေတောသည် မြိုင်ကလေး လိုချင်သမျှ ကို ပူဆာသည့် အခါတိုင်း မရမနေရ ရှာကြံပေးလေ့ ရှိသည်။ လူမှန်းသိ တတ်စ အရွယ်ကတည်းက လိုချင်တာရလာသည့် မြိုင်ကလေးသည် အရာ ရာ၌ ဗိုလ်ကျတတ်လာသည်။ သူလိုချင်သည့် အရာကို မရသည့်အခါ ကောက်သည်။ ထိုသို့ကောက်သည့် အခါတိုင်းတွင်လည်း တော်တော်နှင့် ချော့မရ။ ထို့ကြောင့် ဦးရွှေတော၏ အစ်မ ဒေါ်ပန်းရုံသည်"မြိုင်ကလေးက ကြီးရင် ခက်ဦးမည်"ဟု အမြဲ မြည်တွန် တောက်တီး တတ်သည်။ မြိုင် ကလေးကလည်း မြိုင်ကလေးပင်။ သူမစိတ်ထဲ တစ်ခုခုကို လိုချင်လာသည့်

အခါတိုင်း မရမချင်း ကောက်တတ်သည်။ တစ်ခါက ဆိုလျှင် မြိုင်လိုချင်သည့် အိုးပုတ်လေးကို မဝယ်ပေးသဖြင့် မြိုင်ကလေးသည် နှစ်ရက်ခန့် ထမင်းမစားဘဲ ကောက်သည်။ ထို့နောက်တွင် ဦးရွှေတောသည် သူ့သမီးလိုချင်သည့် အိုးပုတ်ကို မြို့အထိ တက်ဝယ်ပေးရသည် အထိ ရှိခဲ့သည်။

တော်သလင်း လဆန်း ၉ ရက်၊ ၁၂၄၅ ခုနှစ်သည် မြိုင်ကလေး၏ မွေးရက်ဖြစ်ပြီး မြိုင်ကလေးသည် ရက်ရာဇာနေ့၌ ဖွားသည်။ မြိုင်ကလေးသည် မိတဆိုးလေး ဖြစ်သော်လည်း မြိုင်ကလေး မွေးဖွားသည့် အချိန်မှ စ၍ ဦးရွှေတော စီးပွားရေးကောင်းသည်။ စပါးအထွက်တိုးသည်။ ပဲဈေးကောင်းသည်။ ငွေရေးကြေးရေ ချောင်လည်လာသည့်အတွက် မြိုင်ကလေး လိုချင်တာ ရနေခြင်း ဖြစ်သည်။ ယနေ့ တော်သလင်း လဆန်း ၉ ရက်၊ ၁၂၆၀ ခုနှစ်သည် မြိုင်ကလေး အသက် ၁၅ နှစ် တင်းတင်းပြည့်သည့်နှစ် ဖြစ်သည်။ ထို့အတူ မြိုင့်အဖေ သူကြီး ဦးရွှေတော ငါးရွာပိုင်သူကြီးအဖြစ် ရာထူး တိုးမြှင့်ခြင်း ခံရသည့် နေ့လည်း ဖြစ်သည်။

ထို့ကြောင့် ယနေ့ မြိုင်တို့အိမ်တွင် လူစည်ကားလှသည်။ ရွာထဲမှ ကာလသားများ တအုန်းအုန်း တရုံးရုံး စုဝေးနေကြပြီး ချက်ကြ ပြုတ်ကြနှင့် ဆူညံ နေကြသည်။ မြိုင်ကလေးသည် အသက် ၁၅ နှစ်ဖြစ်ပြီး အပျိုဖော် ဝင်စအချိန်ဖြစ်၍ ဆန့်ကျင်ဘက် ယောကျ်ားသားများအပေါ် ခံစားမှု ရှိလာပြီဖြစ်သည်။ မြိုင်သည် အသားညိုသည်။ သို့သော် မှိုင်းသည့်ဘက်ကို မသွားဘဲ ညိုညက်ညက်ကလေး ဖြစ်သည်။ မျက်လုံးကလေးများသည် ဝိုင်းစက်၍ နှာတံကလေးသည် ဆင်းသွယ်လှသည်။ ဆံနွယ်တို့သည် တင်ပါးကျော်နေပြီး ဆံနွယ်များ ဖြီးသင်သည့်အခါ လူကူရသည်။ မြိုင့်အဒေါ် ဒေါ်ပန်းရုံသည် မြိုင်၏ အုပ်ထိန်းသူ ဖြစ်ခဲ့သည်။

ဆံနွယ်များကို သေသပ်ကျနစွာ ဖြီးသင်၍ မြိုင့် ဆံပင်ကို နှစ်ဖက်ခွဲ

ထုံးသည်။ ဆံထုံးနှစ်ဖက်တွင် ဆံပယ်ပန်းများကို ကရစ်ခွေ ရစ်ခွေလျက် မြိုင်ပန်ထားသည်။ ယောထဘီ ယင်ဖုံးနှင့် မြိုင်ကလေးသည် သမားရိုးကျလေး လှပနေသည်။ မြိုင်ကလေး၏ လည်တံကြော့ကြော့၌ ဒေါင်းဘယက်ကို ဆွဲထားပြီး ယင်ဖုံးအင်္ကျီတို့၌ ရွှေခြင်းလုံး ကြယ်သီးများကို တပ်ဆင်ထားသည်။ အသက် ၁၅ နှစ်အရွယ် မြိုင်ကလေးသည် သူမရှေ့မှ ကိုယ်လုံးပေါ် မှန်ကို တစ်ပတ်လည်ကြည့်သည်။ ထို့နောက် ကိုယ်ကို ဘေးတိုက်ကြည့်သည်။ ထို့ပြင် ရှေ့မှ နောက်မှကြည့်သည်။ အားရသည့် အခါမှ မြိုင်ကလေး အခန်းထဲမှ ထွက်ခဲ့သည်။ အခန်းပြင်ပသို့ ထွက်ခါနီး အပေါ်ရုံ ကျန်ခဲ့၍ မြိုင် အပေါ်ရုံကို တစ်ဆင့် ပြန်ယူရသေးသည်။

"မြိုင်ကလေး ဖြီးလိမ်းပြင်ဆင်လို့ ပြီးပြီလား၊ မြိုင့်အဖေ အောက်မှာ ခေါ်နေချေရဲ့ ..."

"ဟုတ်ကဲ့ ... ဒေါ်ဒေါ် မြိုင် အခုဘဲ သွားလိုက်ပါ့မယ်"

မြိုင့်အဒေါ် ဒေါ်ပန်းရုံ၏ ဆီးကြို ပြောလိုက်သည့် စကားကြောင့် မြိုင် အောက်သို့ အပြေးလေး ဆင်းရသည်။ ထို့နောက် လူအုပ်ကြားထဲမှ မြိုင် အဖေ့ကို ရှာသည်။ တွေ့ပါပြီ။ ရွာသားများကြား၌ လိုအပ်သည်များကို စီမံကွပ်ကဲနေသည့် မြိုင့်အဖေကို မြိုင်အဝေးမှ လှမ်းတွေ့လိုက်သည်။ မြိုင့်အဖေ ဦးရွှေတောသည် အသားညိုသည်။ ဗလတောင့်၍ အရပ်ရှည်သည်။ ငယ်စဉ်က ချောမောခဲ့ဟန်ရှိသော်လည်း ယခုတော့ ဇရာထောင်းလုပြီဖြစ်သည်။ မြိုင့်ကိုတွေ့သည်နှင့် ဦးရွှေတောသည် လူအုပ်ကြားထဲမှ လုပ်လက်စ အလုပ်ကို ပစ်ရင်း လက်ယပ်ခေါ်လိုက်သည်။

"မြိုင်ကလေး ပြီးပြီလား၊ လာလာ ... ရွာဦးကျောင်းကိုသွားပြီး ထွေးခင်တို့နဲ့အတူ ပစ္စည်းတွေ ကူသယ်ချည်ဦး"

"ဟုတ်ကဲ့ ... မြိုင်အခုပဲ သွားလိုက်ပါ့မယ် ..."

မြိုင် ခေါင်းကို ခပ်သွက်သွက် ညိတ်ရင်း ထွေးခင်၊ လှမေနှင့် အေးပုံတို့နှင့် အတူ ရွာဦးကျောင်းသို့ ထွက်ခဲ့သည်။ ထွေးခင်၊ လှမေနှင့် အေးပုံသည် မြိုင် ငယ်စဉ်အခါကတည်းက အတူ ကစားခဲ့သည့် ကစားဖော် ကစားဖက် သူငယ်ချင်းများဖြစ်သည်။ ယခု မြိုင်ကလေး အသက်ကြီး လာသော်လည်း သူတို့ သုံးဦးသည် မြိုင်ကလေး၏ သူငယ်ချင်းများအဖြစ် ဆက်လက်၍ ရှိနေခဲ့သည်။ ၁၅ နှစ်ဟူသည့် အရွယ်သည် မြိုင်တို့လို တောသူတောင်သားများ အတွက် အတော်လေး အရွယ်ရောက်နေသည့် အရွယ် ဖြစ်သည်။ တောသူ တောင်သားများ ဖြစ်၍ မြိုင်သည် ခန္ဓာကိုယ် အလုံးအထည်နှင့် အမျိုးသမီး တို့၌ ရှိသင့် ရှိအပ်သည့် အရာများ စတင် ဖွံ့ထွားနေပြီ ဖြစ်သည်။

ထို့ကြောင့်လည်း ရွာထဲမှ ကာလသား တို့သည် မြိုင်ကလေးအိမ်သို့ အမြဲတမ်း အကြောင်းမရှိ အကြောင်းရှာကာ ချောင်းပေါက်မတတ် လာ တတ်ကြသည်။ သို့သော် မြိုင့်အဖေ သူကြီး ဦးရွှေတော၏ ခြောက်ပေါက်ကို ကြောက်သည့်အတွက်ကြောင့် ပေါ်ပေါ်ထင်ထင် မစွန့်စားရဲကြချေ။ မြိုင့်ကို ပိုးကြ ပန်းကြသည့် ကာလသားများထဲတွင် ရွာတောင်ပိုင်းမှ စက်သူဌေး ဦး ညိုမြ၏ သား ကျော်ခေါင်သည် အဆိုးဆုံး ဖြစ်သည်။ ကျော်ခေါင်၏ အဖေ မှာ ကုက္ကိုတန်းရွာ၏ မျက်နှာဖုံးလည်းဖြစ် အတော်အသင့် ဩဇာညောင်းသူ လည်း ဖြစ်လေရာ မြိုင့်အဖေ ဦးရွှေတောသည် တော်ရုံ ကိစ္စများ၌ မျက်စိ ပိတ် နားပိတ်၍ ထားသည်။

သို့သော် အသက်ကလေး နှစ်ပဲ ခြောက်ပြားလောက်နှင့် မိန်းမ ပွေတတ် သည့် ကျော်ခေါင်အား မြိုင်သဘောမကျပေ။ ကျော်ခေါင်သည် မြိုင့်ထက် အသက် ၈ နှစ်ခန့် ကြီးသည်။ အသက်ကြီး၍ မိန်းမ ရှုပ်သည့်အပြင် ကျော် ခေါင်သည် ညနေ နေညိုသည်နှင့် ထန်းတောသို့ သွားတတ်သေးသည်။ အရက်သောက်တတ်သည့် ယောက်ျားသားများကို မြိုင်သဘောမကျ။

အရက်ဟူသော မူးယစ်စေတတ်သည့် အရာသည် အမှားတစ်ခုကို အလွယ်တကူ ကျူးလွန်တတ်သည်ဟု ဒေါ်ဒေါ်ထံမှ မြိုင်ကြားဖူးသည်။ ထို အချိန်မှစ၍ မြိုင်ကလေးသည် အရက်သောက်တတ်သည့် ယောကျ်ားလေး များကို တွေ့ပါက ဝေးဝေးမှ ရှောင်တတ်သည်။

"အိုး ... ဒါလေးက ကိုယ့်ရဲ့ မြိုင်ကလေးပါလား၊ မှန်းစမ်း ဒါက ဘယ်သွား မလို့လဲ၊ ကြည့်စမ်းပါဦးကွာ မြိုင်ကလေးက မတွေ့ရတာကြာတော့ ပိုချော ပိုလှလာပါလား"

"အစ်ကို ကျော်ခေါင်၊ မြိုင့်ကို လမ်းဖယ်ပေးပါ၊ မြိုင် အရက်သောက်တတ် တဲ့ လူတွေကို မကြိုက်ဘူး၊ ပြီးတော့ အခု ဘုန်းကြီးကျောင်းကို သွားမှာမို့ မြိုင့်ကို သွားခွင့်ပေးပါ"

"ဟားဟား ... သွားရမှာပေ့ါ၊ အစ်ကို ကျော်ခေါင်က မြိုင်လေးကို စိတ်ပျက်စေလို့ ဘယ်ဖြစ်မလဲ၊ မြိုင်လေးက လမ်းဖယ်ပေးဆို ဖယ်ပေးမယ်၊ မြိုင်လေးက အရက်သောက်တာ မကြိုက်ရင် အစ်ကိုကျော်ခေါင်က မ သောက်ဘဲ နေမှာပေ့ါ၊ မဟုတ်ဘူးလား"

ကျော်ခေါင်၏ ပါးစပ်မှ လာသည့် အရက်နံ့က မြိုင့်နှာသီးဝကို လာ၍ ရိုက်ခတ်သည်။ မြိုင်နှာခေါင်းကို ရှုံ့ရင်း လမ်းပိတ်ထားသည့် ကိုကျော်ခေါင် ရင်ဘတ်ကို တွန်းဖယ်ရင်း ထွက်သည်။ ကိုကျော်ခေါင်သည် အနောက်မှ နေ၍ ချစ်ကြောင်း ကြိုက်ကြောင်းများကို တတွတ်တွတ် ပြောသည်။ သို့သော် မြိုင်မကြားချင်ယောင် ဆောင်လိုက်သည်။ မြိုင့် သည်းခံမှုသည် အတိုင်းအတာနှင့် ရှိသည်။ မြိုင်ဟူသည့် မိန်းမသည် မိမိမှန်သည် ထင်ပါက မလုပ်ရဲသည့် အရာဟူ၍မရှိပေ။ ယနေ့ မြိုင်ကံခေသလား မပြောတတ်။ မ တွေ့ချင်သည့် လူနှင့်မှ ပက်ပင်း တိုးလျက်သား ဖြစ်နေသည်။

ကိုကျော်ခေါင်သည် မြိုင့်လက်အား အနောက်မှ လှမ်းဆွဲသည်။

ယောက်ျားတစ်ယောက်၏ အားဖြစ်၍ မြိုင်မရုန်းသာခဲ့။ ထို့အတွက် မြိုင်ရဲ့ လွတ်နေသည့် လက်တစ်ဖက်က ကိုကျော်ခေါင်၏ ညာဘက်ပါးပြင်ပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ချသွားသည်။ ပြင်းထန်သည့် ရိုက်ချက်ကြော င့် ကျော်ခေါင့် မျက်လုံးတို့ ပြာဝေသွားသည်။ စီကနဲနေသည့် အော်သံသည် နားအုံတစ်လျှောက် လှိုက်တက်လာသည်။ ကျော်ခေါင့်ပါးပြင်၌ မြိုင့်လက် ငါးချောင်းအရာသည် ထင်းကနဲ ပေါ်လွင်လာသည်။ မိမိအသား နာကျင်မှု ကြောင့် ကျော်ခေါင် အရက်ခိုးတို့ လွင့်ပြယ်သွားသည်။ ထို့နောက် ဒေါသ ထွက်နေသည့် မျက်နှာထားနှင့် ကျော်ခေါင် မြိုင့်ကိုကြည့်ရင်း ပြောလိုက် သည်။

"မြိုင် ... မြိုင် ... နင်က ငါ့ကို ပါးချတယ် ဟုတ်လား၊ ကောင်းတယ်၊ ကောင်မ ... နင်က နင့်ကိုယ်နင် ဘာထင်နေလဲ၊ ကျော်ခေါင်ဆိုတဲ့ငါက ကို ယ့်အသားနာရင် ဘယ်တော့မှ ခွင့်မလွှတ်တတ်ဘူး၊ နင်မှတ်ထား တစ်နေ့ ဒီ အကြွေးကို နင်ဆက်ဆက် ပြန်ဆပ်ရမယ်"

အရက်ခိုး ပြေနေသည့် ကျော်ခေါင်သည် မြိုင့်ကိုကြည့်ရင်း အော်ဟစ် ပြောသည်။ ထို့နောက် သူသည် ထိုနေရာမှ ချာကနဲ လှည့်၍ ထွက်သွား သည်။ မြိုင်သည် မိမိကိုယ်မိမိ ဘာလုပ်လိုက်သည်မသိ ရုတ်တရက် သတိ ဝင်၍ လာသည်။ မြိုင်သတိထားမိသည့် အချိန်တွင် မြိုင့်လက်က ကျော် ခေါင်၏ ပါးကို ရိုက်မိလျက်သား ဖြစ်နေသည်။ မြိုင့်အနေဖြင့် စိတ်ကို အေးအေးထားရင်း သက်ပြင်းချလိုက်သည်။ ဤကိစ္စ၌ မြိုင်မမှား၊ ကျော်ခေါ င့်ဘက်က အလွန်သာ ဖြစ်သည်။ မြိုင့်အဖေ မေးသည့်အခါတွင် မြိုင့်ကို နှောင့်ယှက်သည့် အတွက်ကြောင့်ဟု မြိုင်ဖြေမည်။ ကျော်ခေါင်အနေဖြင့် ဘာလုပ်နိုင်မည်နည်း။

မြိုင် ဖြစ်လာမည့် အကြောင်းတို့ကို တွေးရင်း ထိုကိစ္စကို ဖယ်ထုတ်

ပစ်လိုက်သည်။ မြိုင်မှန်တယ် ထင်၍ လုပ်လိုက်သည့် အရာအတွက် မြိုင့်မှာ တာဝန်ယူစိတ် အပြည့်ရှိသည်။ ထို့ပြင် မြိုင့်ဘေးတွင် မြိုင့်ဘက်က ပါမည့် မြိုင့်သူငယ်ချင်းတွေ ရှိသည်။ မြိုင် သူမတို့ကို ယုံကြည်သည်။ လှမေ တို့သည် မြိုင်ငယ်ငယ်ကတည်းက ပေါင်းလာသည့် သူငယ်ချင်းများ ဖြစ်သည်။ မြိုင်အကြောင်းအရာ မျိုးစုံကို ဘက်ပေါင်းစုံမှ တွေးကြည့်ပြီး နောက် ထိုကိစ္စကို မေ့ပစ်လိုက်သည်။ ထို့နောက် လှမေတို့နှင့်အတူ ရွာဦး ကျောင်းသို့ တန်းသွားလိုက်သည်။

***